CHIN NATIONAL FRONT
General Headquarters
Chinland

Website: chinland.org Email: cnf.headquarters@gmail.com

# ဝမ်းနည်းမှတ်တမ်း

၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီ(၁၆) ရက်

၁။ ချင်းအမျိုးသားတပ်ဦး၏ အထွေထွေအတွင်းရေးမှူး၊ အဓိပတိကောင်စီဝင် နှင့် အကြံပေး ပုဂ္ဂိုလ် အဖြစ် နှစ်ပေါင်းများစွာ တော်လှန်ရေး တာဝန်ထမ်းဆောင်ခဲ့သူ Pu Benjamin Thuring သည် ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီ(၁၄) ရက်နေ့တွင် အမေရိကန်နိုင်ငံ Georgia ပြည်နယ်၊ Atlanta မြို့တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူ မိသားစု၊ ရပ်ဆွေရပ်မျိုးများနှင့် ထပ်တူထပ်မျှ ဝမ်းနည်း တသ နှမြောရပါသည်။

၂။ ၁၉၈၈ ခုနှစ် ကတည်းက ချင်းအမျိုးသားတပ်ဦး/ တပ်မတော်တွင် အမျိုးသားတော်လှန်ရေး တာဝန် ထမ်းဆောင်လာခဲ့သူ Pu Benjamin Thuring ၏ အမျိုးသားရေးတာဝန် ကျေပွန်မှု၊ တော်လှန်ရေးအပေါ် တည်ကြည်ရိုးသားမှု၊ ရပ်တည်ချက်ခိုင်မာမှုနှင့် ပေးဆပ်မှုများကို ချင်းအမျိုးသားတပ်ဦး/ ချင်းအမျိုးသားတပ်မတော်မှ ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

၃။ Pu Benjamin Thuring သည် ကွယ်လွန်ချိန်တွင် အသက် (၆၂) ရှိပြီး ဇနီးနှင့် သားရတနာတဦး ထားရစ်ခဲ့သည်။ ၎င်း၏ မပြီးပြတ်သေးသော တော်လှန်ရေးတာဝန်များကို ချင်းအမျိုးသားတပ်ဦး/တပ်မတော် ရဲဘော်ရဲဘက်များ မှ ကျေပွန်စွာ ဆက်လက်ထမ်းရွက်သွားမှာဖြစ်ကြောင်း ဂတိသစ္စာ ပြုပါသည်။

၄။ Pu Benjamin Thuring တစ်ယောက် ဘုရားသခင်၏ အေးမြသော ရင်ခွင်တော်တွင် ထာဝရ အိပ်စက် အနားယူပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဗဟိုကော်မတီ
ချင်းအမျိုးသားတပ်ဦး